# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ စနေနေ့၊ **(16-10-2010)** (၆၅၅၃)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ စားသောက်ကုန်စည်ပြပွဲ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁၅

**မြန်မာ့စားသောက်ကုန်စည်ပြပွဲ (Food Fair 2010) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်၍ ပြခန်းများကို ကြည့်ရှုအားပေးသည်။**

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ၊ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မီဒီယာနည်းဖြင့် အစွမ်းကုန်ကြိုးပမ်း

# အမျိုးသားရေးလုပ်ငန်းတာဝန်များ အနာဂတ်တွင် ဆက်လက်အောင်မြင်အောင် ပြည်သူတိုင်းက လာမည့်ရွေးကောက်ပွဲတွင် အမျိုးသားရေးလုပ်ငန်းတာဝန်များကို ဆက်လက်ဖော်ဆောင်ပေးနိုင်မည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မှန်ကန်စွာရွေးချယ်



နေပြည်တော် အောက်တိုဘာ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော်သတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။**

### အမှာစကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

အခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦး၊ ညွှန်ကြားရေးမှူးများနှင့် စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် စာတည်းမှူးများ၊ မန်နေဂျာများ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်တို့မှ ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက်များမှ စာတည်းမှူးနှင့် စာတည်းများ၊ နေပြည်တော်ဝန်ကြီးရုံးရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ဝန်ထမ်းများ၊ အထူးဖိတ်ကြားထားသူများနှင့် ဆုရရှိကြသူများ တက်ရောက်ကြသည်။

### ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက်သာမက ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ အကြောင်းမှာ နိုင်ငံတော်၏ အရေးကြီး ပုံနှိပ်လုပ်ငန်းများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အပါအဝင် ဌာနအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ချောမောအောင်မြင်စွာ အချိန်မီ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် အချိန်အခါနှင့် တိုက်ဆိုင်နေ၍ ဖြစ်ကြောင်း၊ အရေးကြီးပြီး ကြီးမားကျယ်ပြန့်လှသည့်အပြင် အချိန်ကန့်သတ်ချက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရသည့် နိုင်ငံတော်၏ အရေးကြီး ပုံနှိပ်လုပ်ငန်းကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳



၁၆-၁၀-၂၀၁၀
(စနေနေ့)

## အခြေခံကောင်းများမှသည် အမွေခံကောင်းများသို့

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းလာရေးသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်။ တိုင်းရင်းသားပြည်သူများ မျှော်မှန်းတောင့်တနေကြသည့် ဆန္ဒ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လက်တွဲကြိုးပမ်းတည်ဆောက်နေကြသည့်ကာလ။

နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံဖြစ်ထွန်းနေပြီ။ ဒေသခံပြည်သူများ ငြိမ်းချမ်းသာယာမှု၏ရလဒ်၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိခံစားနေကြပြီဖြစ်သည်။ ဒေသအားလုံး၌ တည်ငြိမ်အေးချမ်းမှုများ ဖြန့်ကြက်ဖြစ်ထွန်းလာမှုနှင့်အတူ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများစွာကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးအပါအဝင် ဘက်စုံ ကဏ္ဍစုံ၌ တိုးတက်ပြောင်းလဲလာမှုများကို တွေ့မြင်ခံစားနေကြရပေပြီ။

ပြည်ထောင်စုတစ်ဝန်း၌ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ဟန်ချက်ညီညီ တိုးတက်လျက်ရှိသည်။ မီးရထားလမ်းသစ်များ သာမက မဟာဗျူဟာလမ်းမကြီးများ၊ မြို့ချင်းဆက်လမ်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ပေးနေသည်။ တစ်ချိန်က ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်း၊ ကားလမ်း အရှည်မိုင်ပေါင်း တစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုအခါ မိုင်ပေါင်း ရှစ်သောင်းကျော်အထိ ရှိနေပြီ။ ဧရာဝတီ မြစ်ကူးတံတားကြီးများအပါအဝင် တံတားကြီးငယ် အသွယ်သွယ်ကိုလည်း တည်ဆောက်ပေးထားနိုင်ပြီဖြစ်သည်။

လေကြောင်းပို့ဆောင်ရေးတွင် လေယာဉ်ကွင်းများ၊ လေယာဉ်ပြေးလမ်းများ အဆင့်မြှင့်တင် တိုးချဲ့လျက်ရှိသကဲ့သို့ လေယာဉ်လိုင်းများ၊ လေယာဉ်များလည်း တိုးတက်နေပြီ။ တစ်နှစ်လျှင် ပြည်တွင်းခရီးသည် ရှစ်သိန်းကျော်နှင့် ပြည်ပခရီးသည် ခုနစ်သိန်းကျော် ပို့ဆောင်ပေးနိုင်လျက်ရှိသည်။

ထို့နည်းတူ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင်လည်း ဆိပ်ခံတံတားများ၊ အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားများ၊ ကုန်သေတ္တာစခန်းများလည်း တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

သီးနှံထုတ်လုပ်မှု တိုးတက်လာသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် သစ်တော၊ စက်မှု၊ စွမ်းအင်၊ သတ္တု စသည့် ကဏ္ဍများလည်း တိုးတက်အောင်မြင်မှုများ ရရှိနေပြီ။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌လည်း အခြေခံကောင်းများကို နိုင်ငံအနှံ့ ထူထောင်ပေးနိုင်နေပေပြီ။ အဆိုပါ အခြေခံကောင်းများကို ယနေ့ နိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ အမွေခံကောင်းများ ဖြစ်စေရန် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရပါမည်။ စည်းလုံးညီညွတ်မှု စိတ်ဓာတ်ကောင်း၊ အခြေခံကောင်း၊ အစဉ်အလာကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပေါ်ထွန်းရေး အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ ။

## အဆင့်မြင့်အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများ ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၅**

Glory အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းကျောင်းက Engineering Diploma and Advanced Diploma သင်တန်းများကို တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ တန်းခွဲသစ်အဖြစ် ရုံးချိန်အတွင်း တန်းခွဲအပြင် အလုပ်(သို့မဟုတ်) ကျောင်းတစ်ဖက်နှင့် တက်မည့်သူများအတွက် ရုံးချိန်ပြင်ပ အထူးတန်းခွဲပါ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

Glory သည် City and Guilds (UK)၏ Approved Training Centre တစ်ခုဖြစ်ပြီး ဖော်ပြပါသင်တန်းများကို City and Guilds ၏ Syllabus အတိုင်း သင်ကြားပေးမည်ဖြစ်သည်။ ဒီပလိုမာသင်တန်းများကို ဒသမတန်းအဆင့်ရှိသူတိုင်း တက်ရောက်နိုင်ပြီး အဆင့်မြင့်ဒီပလိုမာသင်တန်းများကို ပြည်တွင်းပြည်ပမှ အင်ဂျင်နီယာဒီပလိုမာ တစ်ခုခု ရပြီးသူများ တက်ရောက်နိုင်သည်။

အဆိုပါသင်တန်းများကို City and Guilds (UK) က တိုက်ရိုက်စာမေးပွဲ စစ်ဆေးပြီး အောင်မြင်သူများသည် NQF Level(2)မှ(5)အတွင်း အဆင့်ရှိ လက်မှတ်များကို ရရှိမည်။ Glory မှ သင်တန်းသားများသည် နှစ်စဉ်ပျမ်းမျှ အောင်ချက် ၉၀ ရာခိုင်နှုန်းနှင့်အထက်ရှိခဲ့ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင် သုံးဦးကိုလည်း Glory မှ မွေးထုတ်ပေးနိုင်ခဲ့သည်။

ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များမှာ Electronic, Electrical, Mechatronic, Mechanical, Mechanical and Electrical, Construction (Civil), Refrigeration and Airconditioning, Electrical Installation တို့ဖြစ်သည်။ အခြေခံ အားနည်းသူများအတွက် Engineering Foundation Course များကို အခမဲ့သင်ကြားပေးပြီး ဒီပလိုမာ သင်တန်းသားများအတွက် လုပ်ငန်းခွင်ဝင်နိုင်ရန် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများကို အခမဲ့သင်ကြားပေးသည်။

ဒီပလိုမာ သင်တန်းသားများအတွက် City and Guilds မှ သတ်မှတ်သော Practical Assignment များကို Tools and Instrument အပြည့်အစုံဖြင့် သင်ကြားပေးပြီး သင်တန်းကာလအတွင်း မှာပင် စက်ရုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လေ့လာရေးခရီးများ သွားရောက်ခွင့်ရရှိမည်ဖြစ်သည်။

သင်တန်းအောင်မြင်ပြီးမြောက်သူများအတွက် နိုင်ငံတကာတက္ကသိုလ်ကြီးများတွင် ကျောင်းဆက်တက်ရန်(သို့မဟုတ်) ပြည်တွင်း ပြည်ပတွင် အလုပ်ဝင်ရန်အတွက် အခမဲ့ကူညီလမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

တန်းခွဲအသစ်အတွက် စိတ်ဝင်စားသူများသည် ၁၂၅(ဘီ)ပထမထပ် (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၃၇၃၄၃၁နှင့် ၀၉-၅၁၉၇၈၁၇ Website:www.glory-education.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်



ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တပ်မတော်နေ့အထိမ်းအမှတ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၅

**တပ်မတော်နေ့အထိမ်းအမှတ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တပ်မတော်အရာရှိကြီးများက တပ်သားအဆင့်၊ အကြပ်အဆင့်နှင့် အရာခံအဆင့်တို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက အရာရှိအဆင့်တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် တိုက်ကြီး တပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ချီးမြှင့်ပစ္စည်းများ ပေးအပ်ပြီး စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လိမ္မော်ခြံကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ချီးမြှင့်ပစ္စည်းများပေးအပ်ပြီး စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒုတိယဝန်ကြီး ဦးတင်ငွေ ဝက်လက်မြို့နယ်၌ စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဝက်လက်မြို့နယ် တပ်ရွာအဝင်လမ်းဆုံနေရာသို့ ရောက်ရှိပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၃)မှ အောက်တပ်ရွာအထိ မြေသားလမ်းဆောင်ရွက်ပေးမည့် လမ်းအူကြောင်းကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ရှားကွဲကျေးရွာ ကျေးရွာရေပေးဝေရေးအတွက် တည်ဆောက်ထားသော အုတ်ကန်နှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)မှ ရှားကွဲကျေးရွာသို့ ဆက်သွယ်သော အရှည် သုံးမိုင် လေးဖာလုံရှိ ကျေးလက်မြေသားလမ်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သစ်ဆိမ့်ကျေးရွာ၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)မှ သစ်ဆိမ့်ကျေးရွာသို့ဖောက်လုပ်မည့် မြေသားလမ်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်တို့အပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာ၌ ကျေးရွာတာဝန်ရှိသူများ၏ ရှိမ္ဗကား-အင်ဒေါင်းကျေးရွာ ဆက်သွယ်သည့် မြေသားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်မည့်အခြေအနေ ရှင်းလင်းတင်ပြမှုတို့အပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။





ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၂ ရက်တွင် ဝက်လက်မြို့ အမှတ်(၁) ရပ်ကွက်ရှိ မြင်တော်ရွာနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ အသုံးပြုရန် တူးဖော်ပေးထားသော ရေဂါလန် ၁၃၀၀ ဆံ့ ရေကန်နှင့် ရေစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဝက်လက်မြို့ ဘူတာရုံလမ်း၏ လက်ရှိကတ္တရာခင်းပြီးသော အခြေအနေကို လမ်းဘေးသားချဲ့၍ ကတ္တရာခင်းရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဝက်လက်မြို့ ဘူတာရုံလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**အောက်တိုဘာ ၅ ရက်က လှိုင်သာယာမြို့နယ် အလက(၅)တွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဘသိန်း မြို့နယ်အဆင့် သတ္တမတန်းတွင် ဘက်စုံထူးချွန် ဒုတိယဆုနှင့် ကျောင်းအဆင့် သတ္တမတန်းတွင် ဘာသာစုံပထမဆုရရှိသူ မောင်ပြည့်ဖြိုးအောင်အား ဆုချီးမြှင့်စဉ်။**

(ပညာရေး)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

**☆ ကာကွယ်ရေးမှ**

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပသည့် ဝါကျွတ် အထူးဈေးရောင်းပွဲတော်သို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ကြည့်ရှုအားပေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည့် ဝါကျွတ်အထူး ဈေးရောင်းပွဲတော်ကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ၂၀၁၀ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ၂၀၁၀ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကြီးကို တောင်ကြီးမြို့ အဝေရာ ကုန်းမြင့်သာယာကွင်း၌ နိုဝင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ မဟာဘုံကထိန်ပွဲ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲများကို ရိုးရာမပျက် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံဝါသနာရှင်များ၊ ပညာရှင်များအား ဓာတ်ပုံပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကာ ပျော်ပွဲရွှင်ပွဲများနှင့်အတူ အပန်းဖြေအနားယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Nano Energizer ထုတ်ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျောက်ပန်းတောင်းမြို့၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

Nano Energizer ကုန်ပစ္စည်း မိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

Nano Energizer ကုန်ပစ္စည်းသည် Engine Ceramic Coating ဖြစ်သဖြင့် Engine အတွင်းပိုင်းတွင် Metal to Matal Contact ကြောင့် နာနေသော မျက်နှာပြင်များကို ကုသပေးပြီး Coating တစ်ထပ်ပြုလုပ်ပေးသည်။ အဆိုပါ Coating အထူသည် (2 micron meter- 5micron meter) သာရှိသည့်အတွက် အင်ဂျင်၏ မည်သည့် အစိတ်အပိုင်းကိုမျှ အနှောင့်အယှက်မဖြစ်ကြောင်း၊ Nanoo Ceramic Coating သည် အပူချိန် 2000·C ကျော်မှ အရည်ပျော်မည်ဖြစ်သောကြောင့် အချိန်ကြာမြင့်စွာ အင်ဂျင်အတွင်းပိုင်းတွင် တည်ရှိနေနိုင်ပြီး ကီလိုမီတာ 30000 ခန့်သုံးပြီးမှသာ လျော့ပါးလာ၍ 50000 ခန့်ရောက်လျှင် ကုန်ဆုံးချိန်နီးပါးသို့ ရောက်ရှိသွားမည်ဖြစ်သည့်အတွက် အချိန်ကြာမြင့်စွာ အသုံးခံသည့်အတွက် စီးပွားရေးအရတွက်ခြေကိုက်ကြောင်း၊ Engine Heat ကို Stabillize လုပ်အားကောင်းသည့်အတွက် Over Weight ကို ရုန်းနေရသည့် အင်ဂျင်များ၊ တောင်အတက်အဆင်းတွင် ရုန်းနေရသောအင်ဂျင်များနှင့် အချိန်ကြာမြင့်စွာ အသုံးပြုနေသော အင်ဂျင်များတွင် Heat ကို တည်ငြိမ်အောင် ထိန်းပေးထားနိုင်ကြောင်း၊ အင်ဂျင်စွမ်းအား ထူးခြားစွာမြင့်မားလာသည့်အတွက် ဓာတ်ဆီ၊ ဒီဇယ် ကုန်ကျသက်သာမှုနှင့်အတူ မီးခိုးအထွက်နည်းလာပြီး အင်ဂျင်အတွင်းပိုင်း ပွတ်တိုက်မှုဖြစ်စေသော မျက်နှာပြင်အား Layer တစ်ခု Coating လုပ်ထားသည့်အတွက် တိုက်ရိုက်ပွန်းစားမှု လျော့နည်းသွားစေခြင်းကြောင့် အင်ဂျင်အကျမြန်မည်ကို စိုးရိမ်စရာမလိုတော့ကြောင်း သိရသည်။

မိမိ၏ စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်နေသော ကား၊ မီးစက်၊ ယန္တရားကြီးများအား ရေရှည်ကုန်ကျစရိတ်သက်သာစေရန် စီးပွားရေးအရတွက်ခြေကိုက်စေရန်အတွက် Nano Energizer ကို ရွေးချယ်ဝယ်ယူအသုံးပြုသင့်သည်။ Nano Energizer အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများကို ကိုရီးယားနိုင်ငံမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Royal Luburicants Trading Co., Ltd. ဖုန်း-၀၁-၇၃၀-၃၉၁၉၁ နှင့် ၀၁-၆၈၁၆၀၆ တို့မှ တင်သွင်း ဖြန့်ချိရောင်းချလျက်ရှိသည်။ ထို့ပြင် ရန်ကုန်မြို့ရှိ TZ စက်ဆီ၊ ချောဆီရောင်းဝယ်ရေးအခန်း(၂၁) အဆောင် (B/ 38) ဘုရင့်နောင်ဈေးကြီး မရမ်းကုန်းမြို့နယ် ဖုန်း-၆၈၂၉၅၅၊ Star Light Servicing အမှတ်(၉၃) ဘုရင့်နောင်လမ်း ချောင်း၀ လှိုင်မြို့နယ် ဖုန်း-၅၃၄၄၅၇၊ သုံးဆယ့်နှစ်ကားပစ္စည်းအရောင်းဆိုင် (၉၂) ရန်ကုန်-အင်းစိန်လမ်းမ သမိုင်းခဝဲခြံ အင်းစိန်မြို့နယ် ဖုန်း-၆၆၇၅၁၂၊ Cosmo Servicing အမှတ်(၁၃၅) မန္တလေးအထက်လမ်း ဒိုဗီလိုင်း ကန်တော်ကလေး ဖုန်း-၃၉၄၇၈၆၊ ကိုးမိုင် Car Servicing ကိုးမိုင်-ပြည်လမ်း မရမ်းကုန်းမြို့နယ် ဖုန်း-၀၉-၅၁၄၄၂၂၄ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ဝဲကြီးဝ တံတား တည်ဆောက်ခြင်းလုပ်ငန်းခွင် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တံတားဟောင်းကြံ့ခိုင်မှုကို အောက်တိုဘာ ၁ ရက်က မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးသိန်းဖေမြင့် ရှင်းလင်းတင်ပြစဉ်။**

(ခရိုင်ပြန်/ဆက်)



# ဇဟိုသမဝါယမအသင်း ပံ့ပိုးငွေထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သဘင်ဂီတသုခမ ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)သို့ သမဝါယမဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ဇဟိုသမဝါယမအသင်း(လီမိတက်) CDRF မှ ပံ့ပိုးချေးငွေကျပ် ၆၅ သိန်း ပေးအပ်ပွဲကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သဘင်ဂီတသုခမ ငွေစုငွေချေး သမဝါယမအသင်းသားများက မတည်ငွေကျပ် ၁၀ သိန်းနှင့် သမဝါယမဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ဇဟိုသမဝါယမအသင်း CDRF မှ ပံ့ပိုးချေးငွေကျပ် ၆၅ သိန်း စုစုပေါင်း ငွေကျပ် ၇၅ သိန်းအား အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခြင်းဖြစ်သည်။

ဇဟိုသမဝါယမအသင်း(လီမိတက်) CDRF မှ ပံ့ပိုးချေးငွေကျပ် ၆၅ သိန်းအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မြင့်က အသင်းဒါရိုက်တာ ကိုးဦးရွှေ့မှော်ကတွင် အသင်းဥက္ကဋ္ဌ ဦးအုန်းနွဲ့အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၅၆၄)



**သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ABATE ဆေးခတ်ခြင်းကို မိုင်းရယ်မြို့နယ် မြို့ပေါ်သုံးရပ်ကွက်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်ပြန်/ဆက်)

## သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

**အစ္စရေးနိုင်ငံတွင် ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ Scholarship (Diploma) On The Job Training ၁၀ လ သင်တန်းတက်ရောက်ရန် မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့ချုပ်မှ သင်တန်းသား ၁၀ ဦး အစ္စရေးနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)



# နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(စနေနေ့-နံနက်-နေ့လယ်-ည)**

**၁၆-၁၀-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ (တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ တရားတော် ပုဗ္ဗဏှသုတ် နှင့် ဂုဏ်တော်ကွန်ချာ) ဥပုသ်နေ့နှိုးဆော်ချက် ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ဉာဏ်ပညာရှိသူများကို မှီဝဲအပ်၏)
၈း၃၅ ဟောပြောချက် (ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဟောပြောချက်)
၈း၄၀ ဘဝအသွင်ကဗျာ့အမြင် (မိုးနဲ့မြေ)
၈း၅၀ နဝင်္ဂဥပေါသထသီလပေးတရား (ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ ရင်ခုန်စီးဆင်းအနုပညာသတင်း (၁၂)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်- အကြံကောင်းတဲ့ဖားသူငယ်လေး)
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ကျွန်တော်နဲ့သူ) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကြာပွင့်နှင့်ကြာဖတ်)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ် (အထက်တန်း-မြန်မာစာ) တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ လေလှိုင်းကြားကပွဲတင်သံ
၅း၁၅ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ခေတ်မရွေးသောတေးများ
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွေးသီတေးပန်းခိုင်
၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀ တေးပဒေသာ
၇း၁၅ ရေဒီယိုအတိုတ်တေးအရိပ်
၇း၃၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (အာမဝါတခေါ် အဆစ်ရောင်ရောဂါ) တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၁၅ နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀ Radio Internet
၉း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၉း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာတရားတော်
၁၀း၀၀ အစီအစဉ်ပြီး၏။



# အီရန်သမ္မတ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်ဒေသသို့ သွားရောက်လည်ပတ်

**ဘေရွတ် အောက်တိုဘာ ၁၅ -** အီရန်သမ္မတ အာမာဒီနီဂျက်သည် လက်ဘနွန်နှင့် အစ္စရေးနိုင်ငံတို့အကြား နယ်စပ်ဒေသသို့ အောက်တိုဘာ ၁၄ ရက်က သွားရောက်လည်ပတ်ခဲ့ပြီး ၎င်း၏ မဟာရန်သူတော် အစ္စရေးနိုင်ငံကို မခံချိမခံသာဖြစ်စေခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လက်ဘနွန်ပိုင်နက်ထဲတွင် အီရန်သမ္မတကို ထောင်ပေါင်းများစွာသော ဟစ်ဇ်ဘိုလာထောက်ခံသူများက စုရုံးအားပေးနေချိန်တွင် အစ္စရေးတိုက်ခိုက်ရေးရဟတ်ယာဉ်များကလည်း နယ်စပ်တစ်ဖက် ကောင်းကင်ယံတွင် ပျံဝဲလျက်ရှိကြောင်း သတင်းများတွင်ဆိုသည်။



**အီရန်သမ္မတ အာမာဒီနီဂျက်နှင့် ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အုပ်စုခေါင်းဆောင်။**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအကြား ၂၀၀၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲအတွင်း အစ္စရေးတို့၏ဗုံးဒဏ်ကြောင့် လုံးဝ နီးပါးပျက်စီးခဲ့ရပြီး အီရန်၏ ထောက်ပံ့မှုဖြင့် ပြန်လည်တည်ဆောက်ခဲ့သည့် လက်ဘနွန်နယ်စပ်ကျေးရွာ ဘင့်ဂျေဘိုင်းလ်တွင် အာမာဒီနီဂျက်က ၎င်းကို အားပေးထောက်ခံသူများအား မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။

၎င်း၏မိန့်ခွန်းထဲတွင် အစ္စရေးနိုင်ငံကို ပုတ်ခတ်ပြောဆိုခဲ့ပြီး ယုံကြည်ချက်ရှိ၍ ခိုင်မာသော ခုခံရေးတိုက်ပွဲများကြောင့် အသိမ်းပိုက်ခံ ပါလက်စတိုင်းဒေသသည် လွတ်လပ်သည့် နယ်မြေဖြစ်လာမည်ဟု အာမာဒီနီဂျက်က ပြောကြားသည်။

အီရန်သမ္မတ အာမာဒီနီဂျက် သွားရောက်လည်ပတ်သော လက်ဘနွန်နိုင်ငံတောင်ပိုင်းသည် ဟစ်ဇ်ဘိုလာရှီးယိုက် စစ်သွေးကြွအုပ်စု စိုးမိုးရာနယ်မြေဖြစ်ပြီး ယင်းနယ်မြေကို အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အန္တရာယ်နယ်မြေအဖြစ် သတ်မှတ်ထားသည်။

ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အုပ်စုဝင်များသည် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့လမ်းများပေါ်တွင် အီရန်သမ္မတ အာမာဒီနီဂျက်၏ရုပ်ပုံများ ဖော်ပြထားသော ဆိုင်းဘုတ်ကြီးများ စိုက်ထူကာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**အေပီ။**

# ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုရေး ကုလကို အာရပ်နိုင်ငံများတောင်းဆို

**ဘရပ်ဆဲလ် အောက်တိုဘာ ၁၅**

အစ္စရေးနိုင်ငံက အနောက်ဘက်ကမ်းဒေသတွင် အခြေစိုက် လူနေအိမ်ရာများ တည်ဆောက်နေခဲ့ပါက ပါလက်စတိုင်းဒေသကို လွတ်လပ်သောနိုင်ငံတော်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် ကုလသမဂ္ဂ၏ အထောက်အကူကို အာရပ်အဖွဲ့ချုပ်နိုင်ငံများက ရှာကြံလျက်ရှိကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။

အာရပ်အဖွဲ့ချုပ်၏ အဆိုပြုချက်ကို ကုလသမဂ္ဂက လာမည့်လအတွင်း ထည့်သွင်းဆုံးဖြတ်မည်ဖြစ်သည်။

အခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ရေးနှင့် ပတ်သက်၍ အစ္စရေးက အချိန်ဆွဲနေခဲ့ပါက အာရပ်အဖွဲ့ချုပ်သည် ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်၌ ပါလက်စတိုင်းနိုင်ငံ၏ လွတ်လပ်ရေးကို တောင်းဆိုမည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်နိုင်ငံက ကမကထပြုသော အစ္စရေး-အာရပ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြီးခဲ့သည့်လအတွင်းက ပြန်လည်စတင်ခဲ့သော်လည်း အစ္စရေးနိုင်ငံက အနောက်ဘက်ကမ်းဒေသရှိ အခြေစိုက်အိမ်ရာစီမံကိန်းများကို ဆိုင်းငံ့ရန် ငြင်းပယ်ခဲ့ခြင်းကြောင့် ဆွေးနွေးပွဲမှာ ပျက်ပြားနေရဆဲဖြစ်သည်။ **အေပီ။**

# တရားမဝင်မိုင်းတွင်း ၁၆၀၀ ကျော် တရုတ်နိုင်ငံ၌ ပိတ်သိမ်း

**ပေကျင်း အောက်တိုဘာ ၁၅ -** ကမ္ဘာပေါ်တွင် အန္တရာယ်အကြီးမားဆုံးလုပ်ငန်းများ စာရင်းဝင်သော တရုတ်နိုင်ငံ၏ မိုင်းတူးဖော်ရေးလုပ်ငန်းကို ဘေးအန္တရာယ်လုံခြုံရေးအရ အဆင့်မြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် တရားမဝင်လုပ်ကိုင်နေသော မိုင်းတွင်းငယ် ၁၆၀၀ ကျော်ကို ယခုနှစ်အတွင်း တရုတ်အစိုးရကဖျက်သိမ်းခဲ့ကြောင်း အောက်တိုဘာ ၁၅ ရက်သတင်းများတွင် ဖော်ပြသည်။

**ဖျက်သိမ်းခဲ့**

ယခုနှစ်အတွင်း တရုတ်အစိုးရသည် ခေတ်မီခြင်းမရှိတော့သည့် ပစ္စည်းကိရိယာများ သုံးစွဲလုပ်ကိုင်လျက်ရှိသော နိုင်ငံတစ်ဝန်းရှိ မိုင်းတွင်းပေါင်း ၁၆၁၁ ကို ဖျက်သိမ်းခဲ့ကြောင်း တရုတ်အမျိုးသားစွမ်းအင်ဗျူရို၏ အဆိုကို ကိုးကား၍ ပြည်သူ့နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

စောစောပိုင်းနှစ်များအတွင်း တရုတ်အစိုးရသည် တရားမဝင်မိုင်းတွင်းများ ပိတ်သိမ်းခြင်း၊ လုံခြုံရေးအရ ကြီးကြပ်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့ရာ မိုင်းတွင်းမတော်တဆမှုများကြောင့် သေဆုံးသူဦးရေလျော့ကျခဲ့ပြီး လွန်ခဲ့သည့်နှစ်က မိုင်းတွင်းမတော်တဆမှုများကြောင့် သေဆုံးသူ ၂၆၀၀ အထိ ကျဆင်းခဲ့သည်။

မိုင်းတွင်းမြေအောက်သို့ဆင်းကာ အလုပ်လုပ်နေရသော အလုပ်သမားများကို ဖေးကူမှုမရှိသော မိုင်းတွင်းတာဝန်ခံများနှင့် လုပ်ငန်းရှင်များကို ပြင်းထန်စွာအပြစ်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်လုပ်ငန်းခွင်ဘေးအန္တရာယ် စီမံကွပ်ကဲမှုအဖွဲ့က ယခုလအတွင်း ပြောကြားခဲ့သည်။ **အေပီ။**



# ပါကစ္စတန်ရေဘေးကြောင့် ဒေါ်လာ ၉ ဒသမ ၇ ဘီလီယံခန့် ဆုံးရှုံးဟု ခန့်မှန်းထား



**ပါကစ္စတန် ရေဘေးဒုက္ခသည် ကလေးတစ်ဦး။**

**ပက်ရှ်ဝါ အောက်တိုဘာ ၁၅**

ပါကစ္စတန်နိုင်ငံတွင် ရေလွှမ်းမိုးမှုဘေးဒဏ် အကြီးအကျယ်ခံစားခဲ့ရပြီးနောက် နိုင်ငံ၏အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးမွေးမြူရေးခြံများနှင့် လူနေအိမ်ခြေများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယင်းဆုံးရှုံးနစ်နာမှုများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ ဘီလီယံခန့်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)နှင့် ကမ္ဘာ့ဘဏ်က ခန့်မှန်းချက်များကို ကိုးကား၍ သောကြာနေ့က သတင်းများတွင် ဖော်ပြသည်။

ယင်းခန့်မှန်းချက်ကို ဘရပ်ဆဲလ်တွင် ကျင်းပသည့် အဓိကအစည်းအဝေးမတိုင်မီ ထုတ်ပြန်ခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံတွင် ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်းက အင်အား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းနှင့် ပါကစ္စတန် ထိန်းချုပ်သော ကက်ရှ်မီးယားဒေသတွင် လူပေါင်း ၇၄၀၀၀ သေဆုံးပြီး လူပေါင်း ၃ ဒသမ ၅ သန်းမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု သတင်းတွင် ပါရှိ သည်။

ရေလွှမ်းမိုးမှုဘေးဒဏ်၏ နောက်ဆက်တွဲဆိုးကျိုးများကို လူပေါင်း ၂၀ သန်းကျော်ခံစားခဲ့ရသည့်အတွက် အဆိုပါ အစည်းအဝေးက ကူညီကယ်ဆယ်ရေးများ ပြုလုပ်ရန် ပြန်လည်သုံးသပ်ခြင်း ဖြစ်သည်။

ယင်းသို့ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ပါကစ္စတန်နိုင်ငံ ဒေသအချို့မှ ရေဘေးဒုက္ခသည်များအား ကူညီကယ်တင်နိုင်ရန် အထောက်အပံ့အကူအညီများ ပေးအပ်မှုကို ကုလသမဂ္ဂက စတင်လုပ်ဆောင်နေပြီ ဖြစ်သည်ဟု သိရသည်။

လွန်ခဲ့သောလက ပါကစ္စတန်တွင် ရေလွှမ်းမိုးမှုခံရသူ သန်းချီ၍ အစားအစာ၊ သောက်သုံးရေ၊ နေစရာနေရာနှင့် အခြေခံလိုအပ်ချက်များ ကင်းမဲ့ခဲ့ရသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်လျှို့ဝှက်အကျဉ်းထောင်များ တည်ရှိနေဆဲဖြစ်

**ကဘူး အောက်တိုဘာ ၁၅**

ယခုနှစ်အတွင်း အာဖဂန်နိုင်ငံသားအတော်များများသည် အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ အမေရိကန်တပ်ဖွဲ့များ၏ အဓိကစစ်စခန်းတစ်ခုဖြစ်သော ဘက်ဂရမ်လေတပ်စခန်း၌ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရပြီး ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို ခံခဲ့ကြရကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများတွင်ဖော်ပြသည်။

အဆိုပါ အာဖဂန်အကျဉ်းသားများကို ဘက်ဂရမ်လေဆိပ်အကျဉ်းထောင်အတွင်း တည်ဆောက်ထားသော လျှို့ဝှက်အကျဉ်းစခန်းများ၌ ထားရှိကြောင်း သိရသည်။

ဘက်ရမ်လေတပ်စခန်းမှစ၍ အာဖဂန်စစ်သွေးကြွများအား ဖမ်းဆီးထိန်းသိမ်းရာစခန်းများကို အမေရိကန်တပ်ဖွဲ့များက တာဝန်ယူထားပြီးဖြစ်သည်။

သို့ရာတွင် လျှို့ဝှက်အကျဉ်းစခန်းများ ထားရှိမှုနှင့်စပ်လျဉ်း၍ အမေရိကန်အစိုးရက ကြာသပတေးနေ့ကငြင်းဆန်ခဲ့ပြီး အကျဉ်းထောင်အားလုံးတို့ကိုလည်း ခံစားခွင့် တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **အေပီ။**

# အာရှတိုက်၏ ရေသယံဇာတလျော့နည်းမှုပြဿနာ စားနပ်ရိက္ခာထုတ်လုပ်မှုကို ကျဆင်းစေနိုင်

**မနီလာ အောက်တိုဘာ ၁၅ -** အာရှတိုက်၏ ရေသယံဇာတလျော့နည်းမှုပြဿနာမှာ တစ်စတစ်စ ပိုမိုဆိုးရွားလာနေပြီး စားနပ်ရိက္ခာထုတ်လုပ်မှုကို လျော့နည်းကျဆင်းစေနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

အာရှတိုက်သည် ရေရှားပါးမှုမှ ရှောင်လွှဲနိုင်ရန် အဖိုးတန်သယံဇာတရေကို ဖြုန်းတီးမှုမရှိစေရေးအတွက် ပြည်သူများ၊ အစိုးရအဖွဲ့အစည်းများနှင့် စက်မှုလုပ်ငန်းများက အလေးမူကြရမည်ဖြစ်ကြောင်း (အေဒီဘီ)အကြံပေးပုဂ္ဂိုလ် အာယွန်းသာပန်က ပြောကြားသည်။

အာရှရှိ မြို့ကြီးမြို့ငယ်များ၊ ဆည်မြောင်းစနစ်များ၊ စွမ်းအင်ထုတ်လုပ်ရေးစနစ်များ၊ စက်မှုနှင့်စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေဖြုန်းတီးမှုများ ရှိ၊ မရှိ စိစစ်သုံးသပ်ကြရမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ကမကထပြုကျင်းပသော ရေဆိုင်ရာနိုင်ငံတကာဆွေးနွေးပွဲ၌ သာပန်က ပြောကြားသည်။

အာရှနိုင်ငံများ၌ ရေအရည်အသွေးအဆင့်အတန်း နိမ့်လာရခြင်းသည် ဥပဒေများအာဏာသက်ရောက်မှု အားနည်းမှုကြောင့် ဖြစ်ရသည်ဟု အေဒီဘီ၏ လေ့လာချက်တွင် ဖော်ပြသည်။

အာရှနိုင်ငံအချို့တွင် ရေဆိုးသန့်စင်မှု မပြုလုပ်ဘဲ ညစ်ညမ်းနေသော ရေ၏ ၈၀ မှ ၈၉ ရာခိုင်နှုန်းအထိသည် ရေချိုအတွင်းသို့ စိမ့်ဝင်နေသည်ကို တွေ့ရကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အာရှနိုင်ငံများတွင် ရေချိုအရင်းအမြစ်များကို အလွန်အမင်း ရယူအသုံးပြုခြင်းဖြင့် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ။**





အောက်တိုဘာ ၁ ရက်က ပြည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် အမှာစကားပြောကြားစဉ်။ (သတင်း-ဇော်ပြုံး) (သတင်းစဉ်)

## စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

စာရင်းစစ်ချုပ်ရုံး သွေးလှူရှင်များ ဦးဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် စာရင်းစစ်ချုပ်ရုံး စုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက်တွင် နေပြည်တော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။ အဆိုပါ သွေးလှူဒါန်းပွဲ၌ သွေးလှူရှင် စာရင်းစစ်ချုပ်ရုံး ဝန်ထမ်း ၃၄ ဦးတို့က ပါဝင်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြို့တော်ဝန် ဦးအောင်သိန်းလင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၅

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က ဆောက်လုပ်ပြီးစီးသည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက်အားပေးသည်။**

ရှေးဦးစွာမြို့တော်ဝန် ဦးအောင်သိန်းလင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းငွေတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ မြို့တော်ဝန်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းငွေက ကျောင်းဆောင်သစ် ဆောက်လုပ်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ၆၈ ပေ၊ အနံ ၃၂ ပေရှိပြီး နှစ်ထပ် Steel Structure အဆောက်အအုံဖြစ်သည်။

အခမ်းအနားအပြီးတွင် မြို့တော်ဝန်သည် ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ ဝင်းလမ်း ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှုနှင့် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆောက်အအုံများ မွမ်းမံပြင်ဆင်ပြီးစီးမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ပုဇွန်တောင်မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။**

(မြို့တော်စည်ပင်)

## ဆန္ဒမဲထည့်ခြင်း လက်တွေ့သရုပ်ပြအခမ်းအနား ကျင်းပ

**မြိတ် အောက်တိုဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းနှင့် ဆန္ဒမဲထည့်ခြင်း လက်တွေ့သရုပ်ပြ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြိတ်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မဲရုံမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ စုစုပေါင်း အင်အား ၆၀၀ တို့ တက်ရောက်လေ့လာကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

## ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၅**

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (TTC) ၁၉၆၈မှ ၁၉၇၃ ပညာသင်နှစ်များအတွင်း အထက်တန်းပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးမြင့်သိန်းတင် ဖုန်း-၀၉-၅၀၀၉၆၄၂၊ ဦးမောရစ်(စ်) ဖုန်း-၅၁၁၃၂၈၊ ဒေါ်ခင်ခင်ဝင်း ဖုန်း-၃၈၃၇၂၁၊ ဦးမြင့်စိုး ဖုန်း-၅၅၆၆၁၃၊ ဒေါ်ကြိုင်ကြိုင်မြင့် ဖုန်း-၀၉-၅၀၆၇၃၄၉၊ ဒေါ်မြမြသောင်း ဖုန်း-၇၃၀၂၆၈၄၃၊ ဦးသန်းစိန် ဖုန်း-၅၁၈၁၆၁၊ ဒေါ်မာလာသန်း ဖုန်း-၆၆၂၀၁၁နှင့် ဒေါ်ငွေငွေဝင်း ဖုန်း-၅၁၄၃၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## News Watch (စောင့်ကြည့်)သတင်းဂျာနယ် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

လေမုန်တိုင်းဒဏ်ကြောင့် ပင်လယ်ထဲ မျောပါနေသော ရေလုပ်သား ၃၃ ဦးကို ကယ်ဆယ်နိုင်ခဲ့၊ အကောက်ခွန်မဲ့ သွင်းကုန်များ တရားဝင်တင်သွင်းနိုင်ရေး ဆောင်ရွက်မည်၊ အန္တရာယ်ရှိ အဆောက်အအုံ ၂၀ အမည်စာရင်းကြေညာ၊ အောက်တိုဘာလအတွင်း မုန်တိုင်းငယ်တစ်ခု တိုက်ခတ်နိုင်၊ ထိုင်းဝန်ကြီးချုပ်၏ မြန်မာပြည်ခရီးစဉ်အတွင်း မြဝတီ-မဲဆောက်တံတား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆွေးနွေး၊ နေပြည်တော်တွင် ဂျီအက်စ်အမ်ဖုန်းများသုံးနိုင်ပြီ၊ ငါးသိန်းတန်ဖုန်းလည်း သုံးစွဲခွင့်ပေးနေ၊ မြန်မာ့ပဲကို အမေရိကန်ကုမ္ပဏီများက ဝယ်ယူရန်ကမ်းလှမ်း၊ တရုတ်(တိုင်ပေ)သီလရှင် ဖောင်ဒေးရှင်းမှ ကွမ်းခြံကုန်းမြို့နယ်တွင် အိမ်ရာဆောက်လုပ်လှူဒါန်းမှု သုံးပုံ နှစ်ပုံပြီးစီး၊ ထိပ်တန်းရောက် နာမည်ကြီး မင်းသားချောနှင့် အကယ်ဒမီမင်းသမီးချောတို့ ဟိုတယ်သုံးခုမှာမင်္ဂလာပွဲ ဆင်နွှဲမည်၊ ကိုကိုးကျွန်းမှ ရန်ကုန်သို့ မြိတ်မှတစ်ဆင့် လာနေကြရ၊ ၁၁ ရက်သား ကလေးငယ် မိခင်က စွန့်ပစ်ပြီးနောက် ဖခင်က ပြန်လည်ရှာဖွေတွေ့ရှိခဲ့၊ မင်္ဂလာဈေး တတိယထပ် ဒီဇင်ဘာလကုန်၌ အကြမ်းထည်အဆင့် ပြီးစီးမည်၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၀၁၃)ဆီးဂိမ်းအားကစားပြိုင်ကွင်း ၄၅ ရာခိုင်နှုန်းပြီးစီး၊ မန္တလေးမြို့ ကန်တော်ကြီးဘက်တွင် ရေဆိုးထုတ်စက်ရုံ သုံးရုံ တပ်ဆင်သင့်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တိရစ္ဆာန်ကပွဲ သီတင်းကျွတ်လပြည့်နေ့မှစ၍ အပတ်စဉ် ပြသသွားမည်၊ Online ပေါ်မှ ရင်းနှီးအောင်လုပ်ပြီး လိမ်လည်ငွေချေးမှုဖြစ်ပေါ်နေ၊ ကားအရောင်းအဝယ် ဦးမော့လာ ၄(ဂ)ဖင်ကောက် အမျိုးအစားဦးဆောင်၊ နယ်စပ်တာချီလိတ်ကုန်သွယ်ရေးစခန်းမှ သဘာဝဓာတ်ငွေ့များ တင်သွင်းနေ၊ မန္တလေးမြို့ ၆၄ နှစ်အတွင်း စံချိန်တင်အောင် မိုးရွာ ရေဘေးကြုံကြရ၊ ဇင်ယော်နီ၏ ကံကောင်း နံပါတ်များ၊ ဆရာပါရဂူ၏ ကဗျာဆရာကြီး တဂိုးနှင့် ဗုဒ္ဓစာပေအကြောင်း၊ လေဖြတ်ခြင်း၊ လေဖြန်းခြင်းများကို လျှပ်စစ်စက်ဖြင့်ကုနိုင်ပြီ၊ ပွဲတက်ဝတ်စုံများနှင့် အရှေ့တိုင်းကြယ်ပွင့်များ၊ ချစ်ရေးမညီသည့် မေရီမိဖုရား၊ ချီလီမိုင်းတွင်းမှာ ပိတ်မိနေသည့် ၃၃ ဦးကို အသက်မသေဘဲ ကယ်တင်နိုင်တဲ့ ချီလီအစိုးရ၊ ကင်မီဆွန်းပြီးတော့သား ကင်ဂျုံအီလ်၊ ကင်ဂျုံအီလ်ပြီးတော့သား ကင်ဂျုံဆန် အရိုက်အရာဆက်ခံပုံ၊ အံ့ဩစရာကောင်းတဲ့ အိန္ဒိယစီးပွားရေးတိုးတက်မှု စသည့် ပြည်တွင်းပြည်ပ ထူးခြားမှတ်သားစရာ သတင်းများနှင့်အတူ ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိလာကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်းတင် (၁၇)နှစ်ပြည့်အား ရည်စူး၍ ဦးအောင်ကြီး-ဒေါ်မိမိခင် မိသားစုက အထွေထွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်စာရင်းစစ် ဦးစိုးညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၆-၁၀-၂၀၁၀ (စနေနေ့)**

**[၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈) ရက်၊ ဥပုသ်နေ့]**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ "ဖောင်တော်ဦးဘုရားပွဲတော်"
၈း၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၁၅ ၇။ ကဗျာပန်းဥယျာဉ်
၈း၂၅ ၈။ International News
၈း၃၀ ၉။ Islands of Dhamma
၈း၄၀ ၁၀။ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၄၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၅။ Yan Can Cook
၁၂း၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ" (အပိုင်း-၅၁)**
၁း၃၅ ၇။ "မဟော်သဓာ"(အပိုင်း-၄) (အားသစ်၊ ဗေလုဝ၊ ငှက်ပျောကြော်၊ ပိစိ၊ မောင်မောင်မျိုးသန့်၊ မင်းသစ်၊ အေးအေးခိုင်) (ဒါရိုက်တာ-စန္ဒာရားသန်းဇော်)
၂း၁၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
၂း၂၀ ၉။ International Science News
၂း၃၀ ၁၀။ မြူးမြူးကြွကြွယဉ်းကျေးမှုအက
၂း၄၀ ၁၁။ International News
၂း၅၀ ၁၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃း၄၅ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် အသင်းနှင့် မကွေးအသင်း)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ အလှူရှာမယ်လှကမ္ဘာဝယ်
၆း၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၃)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၁၃။ **"အရှက်ဦးမှာ ဖူးသည့်ကြာ" (ဇာတ်သိမ်းပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး)**
၁၄။ မင်းကွန်းဆရာတော်၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၅။ အစီအစဉ်ပြီး၏။

**ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ် (၄၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ဆုရရှိခဲ့သော မောင်ထွန်းလင်းနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့သန်း ဆုချီးမြှင့်စဉ်။** (ပညာရေး)



ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့



# ဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ည့ှ်အဖွဲ့ လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် စိုက်ပျိုးရေး ပညာရှင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Mr. Yuanhong Fan နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စိုက်ပျိုးရေးပညာရှင်အဖွဲ့ Yunnan Academy of Agricultural Sciences (YAAS) မှ ဒုတိယဥက္ကဋ္ဌ Mr. Yuanhong Fan ဦးဆောင်သော ပါမောက္ခများ၊ တွဲဖက်ပါမောက္ခနှင့် သုတေသနအရာရှိတို့ပါဝင်သည့် စိုက်ပျိုးရေးလေ့လာရေးအဖွဲ့ဝင် ခြောက်ဦးပါ အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဝင့်ကြွားဂုဏ်ယူ မြို့တော်ငှု

❖ လွန်ခဲ့နှစ်ချီ၊ ငါးရာဆီက
နာမည်ခေါ်ဆို၊ မင်းကြီးညိုတဲ့။
ဖွဲ့ဆိုတစ်နန်း၊ အုံမခန်းမျှ
ရွှေနန်းစံကျော်၊ ရှင်ဘိုးတော်သည်
မြေပေါ်ဘဝဂ်၊ အာဏာစက်ဖြင့်
ထက်မြက်ထင်ရှား၊ မင်းတရားဟု
သိကြားလူသိ၊ မြို့ဇာတိကို
ဘုမိနက်သန်၊ ခုနစ်တန်ဖြင့်
သဏ္ဌာန်နေရှ၊ မြို့ကေတုဟု
ခေါ်ပြုတည်ထား၊ သူစံစားခဲ့။
❖ တပင်ရွှေထီး
မင်းကြီးဘုရင့်နောင်
ဂုဏ်ဆောင်ညွှန်းပြု
ကေတုမတီ၊ တောင်ငူသည်ကား
ဝတီပေါင်းလောင်း
ခပေါင်းလက်ယာ၊ မြစ်ဘယ်ညာဖြင့်
လယ်ယာထွန်းကား၊ ရှေးမင်းများတို့
တည်ထားဆောက်တည်၊ အလီလီဖြင့်
ရာသီမယွင်း၊ စစ်ခင်းအောင်နိုင်
ပြည့်မလျှိုင်ကို၊ သံစိုင်ကျောက်သား
ပြည့်အင်အားဖြင့်၊ ခေတ်များစွာတည်
ထွန်းခဲ့သည်...။
❖ ရာစုနှစ်ချီ၊ တည်တံ့ရှင်သန်
ကျောင်းကန်ဘုရား၊ စေတီများနှင့်
တည်ထားမြို့ပြ၊ ကျုံးအလှနှင့်
မြန်မာ့ရိုးရာ၊ နပညာနှင့်
အင်္ဂါစုံညီ၊ မြို့ဂုဏ်ရည်တည့်
ရာသီညီမျှ၊ ပန်းနယ်လှ၍
ရန်းကြွခေတ်မီ၊ တိုးတက်သည်ဟု
မြန်ပြည်တစ်လွှား၊ တိုင်းရင်းသားတို့
ဝင့်ကြွားဂုဏ်ယူ၊ မြို့တော်ငှု ...။

မောင်မိုးယံ

# ကုန်းဘောင်ခေတ်နှောင်း (သို့မဟုတ်) ကိုလိုနီခေတ်ဦးလက်ရာ ရွှေဟောင်းဓား အပ်နှံမှုအတွက် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



### ပေးအပ်လှူဒါန်း

**နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ဗိုလ်ချုပ်လမ်းနေ ဒေါ်ချယ်ရီအုန်းတင်နှင့်(သား) သိက္ခာတော်ရဆရာ ဒေါက်တာတင်မောင်အေး (မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်)နှင့် ညီအစ်ကိုမောင်နှမများက နိုင်ငံတော်သို့ ရွှေဟောင်းဓားတစ်လက် ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နုမြဇံလက်ခံစဉ်။** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ဗိုလ်ချုပ်လမ်းနေ ဒေါ်ချယ်ရီအုန်းတင်နှင့် (သား)သိက္ခာတော်ရဆရာ ဒေါက်တာတင်မောင်အေး (မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်)နှင့် ညီအစ်ကိုမောင်နှမများက နိုင်ငံတော်သို့ ရွှေဟောင်းဓားတစ်လက် ပေးအပ်လှူဒါန်းမှုအတွက် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ကျင်းပရာ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နုမြဇံနှင့် အရာထမ်းများ၊ လှူဒါန်းသည့် မိသားစုဝင်များနှင့် မိတ်ဆွေများ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်နှင့် မိသားစုဝင်များက ရွှေဟောင်းဓားတစ်လက်ကို နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ဂုဏ်ပြုလက်မှတ်ချီးမြှင့်ကာ အပ်နှံသည့်ပစ္စည်းသည် ကုန်းဘောင်ခေတ်နှောင်း(သို့မဟုတ်) ကိုလိုနီခေတ်ဦးလက်ရာ ရွှေဟောင်းဝတ္ထုပစ္စည်းတစ်ခုဖြစ်သည့် အတွက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အတွက် လွန်စွာတန်ဖိုးကြီးမားသော သမိုင်းအထောက်အထား ဖြစ်ကြောင်း၊ ယခုထပ်မံထုတ်ပြန်သော ရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေအရတွေ့ရှိသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၇၀ ရှိသော ပစ္စည်းဖြစ်သော်လည်း ရွှေဟောင်းဝတ္ထုပစ္စည်းဟု ခေါ်ဆိုကြောင်း၊ ယင်းသို့အပ်နှံစေရန်လည်း အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း။ ထို့အပြင် တည်ဆဲဥပဒေအရ ရွှေဟောင်းပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

အလှူရှင်မိသားစုဝင် ဒေါက်တာတင်မောင်အေးက နိုင်ငံတော်က ဂုဏ်ပြုလက်မှတ်ချီးမြှင့်မှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်ရှိပါကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ ရွှေဟောင်းပစ္စည်းများရရှိပါက လာရောက်အပ်နှံမည် ဖြစ်ပါကြောင်း ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကုန်းဘောင်ခေတ်နှောင်း (သို့မဟုတ်) ကိုလိုနီခေတ်ဦးလက်ရာ ရွှေဟောင်းဓားကိုတွေ့ရစဉ်။** (သတင်းစဉ်)



## ဥတုရာသီ တောကိုမှီ၏

# ပြည်တွင်း ပြည်ပ ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်တွင်း ပြည်ပရှိ Hotel , Restaurant နှင့် အပျော်စီး သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းအပတ်စဉ်အသစ်ကို အောက်တိုဘာ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်များသော F& B Service (Waiter/ Waitress)၊ Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Institute of AH & LA(USA) တို့မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များ၌ တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် အောက်တိုဘာ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉ ၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)




**သန်လျင် အထက (၁) မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၅ ရက်က ပတ္တမြားခန်းမ၌ကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မောင်မြတ်သစ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမြဦး ဂုဏ်ပြုဆု ချီးမြှင့်စဉ်။**

(၅၂၇)

# မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်ဖေ၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးတင်မောင်ဦး၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်စန္ဒီစိုးတို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အောက်တိုဘာ ၇ မှ ၁၁ ရက်ထိ ကျင်းပသည့် Thailand International Logistics Fair 2010သို့ တက်ရောက်ရန် အောက်တိုဘာ ၆ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းဥက္ကဋ္ဌ ဦးစန်းခိုင်လှနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (ကြေးမုံ)

# တီကောင်မွေးမြူနည်းနှင့် တီကျစ်စာမြေဆွေးထုတ်လုပ်နည်း သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကကြီးမှူး၍ တီကောင်မွေးမြူနည်းနှင့် တီကျစ်စာမြေဆွေး လက်တွေ့ထုတ်လုပ် အသုံးပြုနည်းသင်တန်းကို အောက်တိုဘာ ၁၂ရက် နံနက်က ဇေယျာသီရိမြို့နယ် ကျောက်ချက်စိုက်ပျိုးပညာပေးရေးစခန်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစောစိန်ဝင်း၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်တို့မှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေအသုံးချရေးဌာနခွဲ မန်နေဂျာ ဒေါ်စန်းစန်းမြင့်နှင့် တာဝန်ရှိသူများက သဘာဝမြေသြဇာအသုံးပြုမှု၊ တီကောင်မွေးမြူနည်းနှင့် တီကျစ်စာမြေဆွေး လက်တွေ့ထုတ်လုပ်မှုတို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ကြေးမုံ)



# သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

နေပြည်တော်　　အောက်တိုဘာ　　၁၅

**၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီးဌာန ပညာရေးကော်မတီဥက္ကဋ္ဌက ဝန်ကြီးဌာန၏ ပညာရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများကို ပေးအပ်ကြရာ ဝန်ကြီးက ငါးဘာသာဂုဏ်ထူးရှင် သုံးဦးအား ဆုများပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

**ဆုချီးမြှင့်**

ယင်းနောက် အလှူရှင်များက လေးဘာသာနှင့် သုံးဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက နှစ်ဘာသာ နှင့် တစ်ဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ခေတ္တညွှန်ကြား ရေးမှူးချုပ်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူ တစ်ဦးထံ ပေးအပ်သည်။

ထို့နောက် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူး ရှင် မောင်ပြေခိုင်ဇော်မင်းက ကျေးဇူးတင်စကား ပြောကြားသည်။

၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၈ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၉၂ ဦး စုစုပေါင်း ဝန်ထမ်း သား၊ သမီး ၁၂၅ ဦး အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ သင်တန်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)




နေပြည်တော်　　အောက်တိုဘာ　　၁၅

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မိသားစုများ၏ ဝင်ငွေတိုး လုပ်ငန်းအစီအစဉ်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိ မြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်ဆုရ သင်တန်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုလက်မှတ်ပေး**

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသောက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စီးပွားရေး စောင့်ရှောက်မှုအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်သန်းဝင်းက သင်တန်းဆရာမများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှု**

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ခြောက်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ကာ သင်တန်းသို့ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝင်များနှင့် စိတ်ပါဝင်စားသူ သင်တန်းသူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော်　　အောက်တိုဘာ　　၁၅**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက် ည ၆ နာရီတွင် နေပြည်တော် ခရိုင် ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာ၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ကျေးလက်ပြည်သူ ၁၀၀ တို့ တက်ရောက်ကြသည်။

**ဟောပြောပြသ**

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ရုံးဦးစီးမှူး ဒုတိယရဲမှူးသိန်းလှိုင်က ၂၀၁၀ ခုနှစ် အတွင်း ယာဉ်မတော်တဆမှု ၂၄၈ မှု ဖြစ်ပွားခဲ့၍ လူ ၃၈၇ ဦး ဒဏ်ရာရခဲ့ပြီး ၁၃၃ ဦး သေဆုံးခဲ့ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာကြစေရေး၊ LED Board/ LCD Board များဖြင့် ပြည်သူများကို အသိပေးခြင်း၊ လမ်းများပေါ်တွင် ဆေးရေးအမှတ်အသားများ ရေးဆွဲစိုက်ထူပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း လမ်းအသုံးပြုသူနှင့် ယာဉ်မောင်းများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိ လိုက်နာမှုမရှိကြသဖြင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရကြောင်း ဟောပြောပြီး ယာဉ် တိုက်မှုသာဓကများ၊ ပညာပေးဇာတ်လမ်းတိုများကို ပရိုဂျက်တာဖြင့် ပြသ၍ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ အခမဲ့ဖြန့်ဝေသော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

# မြန်မာအဏ္ဏဝါသိပ္ပံအသင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်　အောက်တိုဘာ　၁၅**

မြန်မာအဏ္ဏဝါသိပ္ပံအသင်း တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်၍ အငြိမ်းစားဆရာ၊ ဆရာမများ၊ လက်ရှိတာဝန် ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာန၊ ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားကိုယ်စားလှယ်များ၊ အဏ္ဏဝါသိပ္ပံ(အဏ္ဏဝါဇီဝ)ကျောင်းသား၊ ကျောင်းသူ ဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးစိုးထွန်း ဖုန်း-၀၉-၅၃၂၂၀၁၄၊ ဦးခင်မောင်ချို ဖုန်း-၀၉-၅၂၀၁၃၄၀၊ ဒေါ်နန်းမြဟန် ဖုန်း-၀၅၉-၄၂၀၄၉၊ ဦးတင့်ထွန်း ဖုန်း-၅၁၃၁၆၅၊ ဦးထွန်းအေး ဖုန်း-၅၁၄၉၀၄၊ ဦးရဲမင်းထွန်း ဖုန်း-၀၉-၅၁၆၃၃၅၁၊ ဦးစိုးလွင် ဖုန်း-၆၅၀၉၃၃၊ ဦးနေထွဋ်တင် ဖုန်း-၅၃၉၂၂၅၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁၀၁၄၅၃၊ ဦးစိုင်းအုန်းမြင့် ဖုန်း-၀၉-၅၀၃၄၁၀၆၊ ဦးမြစိုး ဖုန်း-၇၃၁၀၆၁၁၅၊ ဦးသန့်ဇော်ဝင်း ဖုန်း ၀၉-၅၁၀၇၃၇၅၊ ဦးရဲမင်းဦး ဖုန်း-၀၉-၅၀၅၈၃၁၈နှင့် ဦးဝင်းလှိုင် ဖုန်း-၀၉-၅၁၉၀၂၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။　(ကြေးမုံ)

# ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော်　အောက်တိုဘာ　၁၅**

ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် တောင်ကြီးခရိုင် ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်တို့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံ ဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉နာရီတွင် ဟဲဟိုးမြို့ အခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပရာ ဟဲဟိုးမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာအုပ်စု လေးခုမှ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ ကျေးရွာများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၆၅ ဦး တက်ရောက်ကြသည်။

ပထမဦးစွာ ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်က အမှာစကား ပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မဲပေးပုံနည်းစနစ်များကို လည်းကောင်း၊ တောင်ကြီးခရိုင် ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲဆန္ဒရှင်များမှ မဲစာရင်းများ ကြည့်ရှုရေးနှင့် ရွေးကောက်ပွဲ ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များကဦးဆောင်၍ မဲရုံနှင့် လျှို့ဝှက်ဆန္ဒပြုခန်းများ စနစ်တကျ ဆောင်ရွက်ထားပုံကို ရှင်းလင်းသရုပ်ပြသည်။ ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများကို ဘော်ဆိုင်းကျေးရွာ အုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ အောင်ပန်းမြို့ သမဝါယမ ခန်းမ၌ လည်းကောင်း၊ ကလောမြို့ မြို့နယ်ခန်းမ၌ လည်းကောင်း အောက်တိုဘာ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ရပ်ကွက် ၂၃ ခုနှင့် ကျေးရွာအုပ်စု ၂၄ ခုတို့မှ အင်အား ၁၀၈၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

**ရန်ကုန်မြို့ အမျိုးသားသွေးဌာနသို့ GREAT FATHER LAND Construction & Decoration Co.,Ltd. ၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက်က ရန်ကုန် အမျိုးသားသွေးဌာန၌ ကျင်းပရာ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြင့်၊ ဒါရိုက်တာ ဒေါ်သူဇာတို့နှင့် ကုမ္ပဏီဝန်ထမ်း များ စုစုပေါင်း သွေး ၂၅ ပုလင်း လာရောက်လှူဒါန်းစဉ်။**　(ဝ၀၁)



# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၆-၁၀-၂၀၁၀(စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀　၁။　မြဝတီအဖွင့်
၇း၀၅　၂။　တရားတော်
၇း၂၀　၃။　ဓမ္မပူဇာတေး
၇း၂၅　၄။　အမျိုးသားရေးတေးကဗျာ
၈း၀၀　၅။　မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀　၆။　အမျိုးသားရေးတေးကဗျာ
၈း၁၅　၇။　အပိတ်နှုတ်ဆက်စကား
၈း၁၆　၈။　ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၁း၀၀　၁။　မြဝတီအဖွင့်
၁၁း၀၅　၂။　အဖွင့်သီချင်း
၁၁း၁၀　၃။　နိုင်ငံတော်သီချင်း
၁၁း၂၀　၄။　အမျိုးသားရေးတေးကဗျာ
၁၁း၃၀　၅။　**ကာတွန်းအစီအစဉ်**
**- အမွှာစုံထောက်(အပိုင်း-၄၇)**
၁၂း၀၀　၆။　**ရုပ်မြင်သံကြားဇာတ်လမ်း**
**-အချစ်အိမ်ကလေး**
**(ပြေတီဦး၊ သက်မွန်မြင့်)**
**(ဒါရိုက်တာ-အောင်ဘပါဝါ)**
၁း၃၀　၇။　အမျိုးသားရေးတေးကဗျာ
၂း၀၀　၈။　**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ချစ်မျက်ရည်လေးပြယ်ပါစေ**
**(အပိုင်း-၆)**
၂း၅၅　၉။　အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၀။　ပြီးပါပြီ။

**ညပိုင်း**

၄း၀၀　၁။　မြဝတီအဖွင့်
၄း၀၅　၂။　အဖွင့်သီချင်း
၄း၁၀　၃။　နိုင်ငံတော်သီချင်း
၄း၁၅　၄။　အမျိုးသားရေးတေးကဗျာ
၅း၀၀　၅။　တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀　၆။　အမျိုးသားရေးတေးကဗျာ
၅း၄၀　၇။　ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀　၈။　မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀　၉။　အမျိုးသားရေးတေးကဗျာ
၆း၃၀　၁၀။　စားဖိုဆောင်ချစ်သူ
၇း၀၀　၁၁။　**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ချစ်ကြိုးယှက်နွယ်**
**(အပိုင်း-၁၈)**
၈း၀၀　၁၂။　မြဝတီရုပ်မြင်သံကြားသတင်း
၁၃။　အမျိုးသားရေးတေးကဗျာ
၁၄။　နိုင်ငံရေးပါတီများဟောပြောချက်
၁၅။　ဘယ်လိုမဲပေးကြမှာလဲ
၁၆။　နိုင်ငံတကာသတင်း
၁၇။　မိုးလေဝသသတင်း
၁၈။　**ရုပ်မြင်သံကြားဇာတ်လမ်း**
**-အရုဏ်ဦးမှာဖူးသည့်ကြာ**
**(အပိုင်း-၃)**
**(ဇာတ်သိမ်း)**
၁၉။　လူရွှင်တော်စတား
၂၀။　အင်္ဂလိပ်စာသုတ
၂၁။　**ရသစုံလင်ရုပ်မြင်**
**ဇာတ်လမ်း**
**-သိုင်းသမားခုနစ်ဖော်**
**(အပိုင်း-၅)**
၂၂။　သင့်အတွက်မနက်ဖြန်
၂၃။　အပိတ်နှုတ်ဆက်စကား
၂၄။　ပြီးပါပြီ။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကြော်ငြာဝင်ငွေ အများဆုံး ရှာဖွေပေးနိုင်မှုဆုရ ကြေးမုံသတင်းစာတိုက်ကိုယ်စား စာတည်း မှူးချုပ် ဦးခင်မောင်ကျော်ဒင်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သတင်းနှင့်စာနယ် ဇင်းလုပ်ငန်းရှိ ပုံနှိပ်တိုက်များအနက် ပတ်လည်ပုံနှိပ်စက် အကောင်းဆုံး ကိုင်တွယ်ထိန်းသိမ်းနိုင်သည့်ဆုရ မြန်မာ့အလင်းပုံနှိပ်တိုက်ကိုယ်စား စာတည်းမှူးချုပ် ဦးတင်မောင်သန်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပတ်လည်ပုံနှိပ်စက် ပုံနှိပ်အရည်အသွေး အကောင်းဆုံးနှင့် စံနှုန်းအကောင်းဆုံး ထုတ်လုပ်နိုင်မှု ဆုရ နေပြည်တော်သတင်းစာတိုက်ကိုယ်စား တာဝန်ခံအရာရှိ ဦးလှရွှေအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦး
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြ
ဆုတံဆိပ်ရရှိခဲ့ကြသော ဝန်ထမ်း ၁၂ ဦးတို့က
စာတည်း ဦးစိုးစိုးနိုင်အား ဂုဏ်ပြုဆု ပေးအ

# ဝန်ထမ်းများအားလုံး စည်းလုံးလက်တွဲပြီး ဝန်ကြီးဌာနနှင့် လုပ်ငန်းဌာန၏ ရည်မှန်းချက်၊ တာဝန်များကို အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

**✻ ရွှေ့ဖုံးမှ**

ဝန်ကြီးဌာနအောက်ရှိ ဌာနအားလုံး ပူးပေါင်းပြီး အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဝန်ကြီးဌာနနှင့် ဝန်ထမ်းများအားလုံးအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်ကြရမည့် အောင်မြင်မှုပင်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မီဒီယာလုပ်ငန်းများကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရဦးမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် တစ်နှစ်တာ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်(၁၂)ရပ်ကို ချမှတ်ပေးထားကြောင်း၊ ပြီးခဲ့သည့် တစ်နှစ်တာ ဆောင်ရွက်ချက်များကို ခြုံငုံသုံးသပ်ကြည့်ပါက လုပ်ငန်းစွမ်းဆောင်နိုင်မှု အရည်အသွေး တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ဤသို့ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဦးဆောင်ညွှန်ကြားရေးမှူး၏ ဦးဆောင်ကွပ်ကဲမှုအောက်တွင် အဆင့်ဆင့်သော ဝန်ထမ်းအသီးသီးက အသိစိတ်ဓာတ်၊ စေတနာတို့ဖြင့် ဝန်ကြီးဌာနက ချမှတ်ပေးထားသည့် ဝန်ထမ်းများလိုက်နာရမည့် အချက်(၁၄)ချက်နှင့်အညီ လိုက်နာကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက်ဖြစ်ကြောင်း။

**လုပ်ငန်းတာဝန်(၁၂)ရပ်**

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတာဝန်ယူရမည့်ကဏ္ဍမှ အမြဲတမ်း ထင်ဟပ်အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Media နည်းဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန်၊ နေ့စဉ်ထုတ်သတင်းစာများ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အမြဲတိုးတက်ရှင်သန်နေအောင် ကြိုးစားဆောင်ရွက်ရန်၊ ဝင်ငွေတိုးတက်ရရှိရေး ကြိုးစားဆောင်ရွက်ရန်၊ ကိုယ်ပွားသတင်းစာတိုက်များ တိုးတက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ကျေးရွာတိုင်း သတင်းစာရရှိရေး စီမံဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို ဇောက်ချဆောင်ရွက်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေး တိုးမြှင့်ဆောင်ရွက်ရန်တို့အပါအဝင် ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်(၁၂)ရပ်စလုံးကို ဆက်လက်၍ အောင်မြင်သည်ထက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**မှန်ကန်စွာ ဆုံးဖြတ်ရွေးချယ်**

ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်သော်လည်း အမျိုးသားနိုင်ငံရေး၊ အမျိုးသားရေး၊ အမျိုးသားအကျိုးစီးပွားကိုမူ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများလိုလားသည့် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်၊ လုပ်ကိုင်စားသောက်နိုင်ရေးဟူသည့် အမျိုးသားရေး လုပ်ငန်းတာဝန်(၃)ရပ်ကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၎င်းအမျိုးသားရေးလုပ်ငန်းတာဝန်များကို အနာဂတ်တွင် ဆက်လက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာတောင့်တင်းသည့် လွှတ်တော်နှင့် ခိုင်မာတောင့်တင်းသည့် အစိုးရတစ်ရပ် ဖြစ်ပေါ်လာရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအပါအဝင် ပြည်သူတိုင်းက လာမည့်ရွေးကောက်ပွဲတွင် အမျိုးသားရေး လုပ်ငန်းတာဝန်များကို ဆက်လက်ထိန်းသိမ်း ဖော်ဆောင်ပေးနိုင်မည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မှန်ကန်စွာ ဆုံးဖြတ်ရွေးချယ်ပေးကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးလက်တွဲပြီး ဝန်ကြီးဌာနနှင့် လုပ်ငန်းဌာန၏ ရည်မှန်းချက်၊ တာဝန်များကို အောင်မြင်သည်ထက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

**ဂုဏ်ပြုဆုများ ချီးမြှင့်**

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်ရရှိခဲ့ကြသော ဝန်ထမ်း ၁၂ ဦးတို့ကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်မှ စာတည်း ဦးစိုးစိုးနိုင်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များနှင့် ကိုယ်ပွားသတင်းစာတိုက်များ၏ သတင်းစာတိုက်အလိုက် စွမ်းဆောင်နိုင်မှုဆုများကို ပေးအပ်ချီးမြှင့်ရာ နေ့စဉ်ထုတ်သတင်းစာ အသွင်သဏ္ဌာန်နှင့် အဆင်အပြင် အကောင်းဆုံးဆုရ မြန်မာ့အလင်းသတင်းစာတိုက်ကိုယ်စား စာတည်းမှူးချုပ် ဦးလှိုင်ဝင်းအားလည်းကောင်း၊ ကြော်ငြာဝင်ငွေ အများဆုံး ရှာဖွေပေးနိုင်မှုဆုရ ကြေးမုံသတင်းစာတိုက်ကိုယ်စား စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်အားလည်းကောင်း၊ နိုင်ငံခြားငွေအများဆုံး ရှာဖွေပေးနိုင်သောဆုရ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်ကိုယ်စား စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်းအား လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ပုံနှိပ်တိုက်များအနက် ပတ်လည်ပုံနှိပ်စက် အကောင်းဆုံး ကိုင်တွယ်ထိန်းသိမ်းနိုင်သည့်ဆုရ မြန်မာ့အလင်းပုံနှိပ်တိုက်ကိုယ်စား စာတည်းမှူးချုပ် ဦးတင်မောင်သန်းအားလည်းကောင်း၊ ပတ်လည်ပုံနှိပ်စက် ပုံနှိပ်အရည်အသွေး အကောင်းဆုံးနှင့် စံနှုန်းအကောင်းဆုံး ထုတ်လုပ်နိုင်မှုဆုရ နေပြည်တော်သတင်းစာတိုက်ကိုယ်စား တာဝန်ခံအရာရှိ ဦးလှရွှေအား လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်များအနက် ကြော်ငြာဝင်ငွေအများဆုံး ရှာဖွေပေးနိုင်မှုဆုရ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ကိုယ်စား စာတည်းမှူး ဦးညွန့်ဇော်အား လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်များအနက် အလေအလွင့် ထိန်းသိမ်းနိုင်မှုနှင့် စံနှုန်းအကောင်းဆုံး ထုတ်လုပ်နိုင်မှုဆုရ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)ကိုယ်စား စာတည်း ဦးနိုင်ထွန်းအားလည်းကောင်း၊ ရွက်ထိုးပုံနှိပ်စက် စက်ပစ္စည်းများ အကောင်းဆုံး ကိုင်တွယ်ထိန်းသိမ်းနိုင်မှုဆုရ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)ကိုယ်စား စာတည်း ဦးသန်းလင်းဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက နေ့စဉ်ထုတ်သတင်းစာများ အချိန်မီထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများဖြစ်ကြသော မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်း ဦးကြည်ဝင်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်မှ လက်ထောက်မန်နေဂျာ ဦးလှရွှေ၊ မြန်မာ့သတင်းစဉ်(နိုင်ငံခြား)မှ ရုံးအုပ် ဒေါ်မြင့်မြင့်အုန်း၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ ရုံးအုပ် ဒေါ်စောသီတာဦးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)မှ စာရင်းကိုင်(၁) ဒေါ်မြင့်မြင့်စိန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ ဝန်ထမ်းအားလုံးအတွက် တူညီဝတ်စုံစရိတ်များကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)မှ မန်နေဂျာ(စီမံ) ဦးခိုင်မင်းကျော်အား ပေးအပ်ပြီး မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးစံပြဆုရ နေပြည်တော်သတင်းစာတိုက်မှ လက်ထောက်မန်နေဂျာ(ဖြန့်ချိရေး) ဦးလှခိုင်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများဖြစ်ကြသော နေပြည်တော်သတင်းစာတိုက်မှ ကြီးကြပ်ရေးမှူး ဒေါ်အေးအေးခိုင်၊ မြန်မာ့အလင်းသတင်းစာတိုက်မှ အကြီးတန်းသတင်းထောက် ဦးဝင်းကျော်၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)မှ ဌာနခွဲစာရေး ဦးလားဆွိဆုန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)မှ ဌာနခွဲစာရေး ဒေါ်မျိုးသဇင်ဝင်းနှင့် ကြေးမုံသတင်းစာတိုက်မှ ဒုတိယကြီးကြပ်ရေးမှူး ဦးကျော်ကျော်မြင့်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**စွမ်းစွမ်းတမံဆောင်ရွက်ခဲ့**

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများဖြစ်ကြသော ကြေးမုံသတင်းစာတိုက်မှ အငယ်တန်းသတင်းထောက် ဦးမျိုးဝင်းမောင်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်မှ အငယ်တန်းသတင်းထောက် ဦးထင်ကျော်အေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)မှ အငယ်တန်းသတင်းထောက် ဦးရဲထွန်းမြတ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)မှ အငယ်တန်းသတင်းထောက် ဦးမြတ်ကိုကိုဆွေနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)မှ အကြီးတန်းစာရေး ဦးအောင်နိုင်မိုးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများဖြစ်ကြသော ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ ပုံနှိပ်ကျွမ်းကျင်-၃ (စက်အခန်းမှူး) ဦးစိုးမြင့်၊ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)မှ ပုံနှိပ်ကျွမ်းကျင်-၃ (စက်)ဦးဇော်ထွန်းမြင့်၊ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ ပုံနှိပ်ကျွမ်းကျင်-၃ (စက်) ဦးမျိုးမြင့်၊ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင်-၃ (စက်) ဦးလှစိုးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အငယ်တန်းစာရေး ဒေါ်ခင်နှင်းယုတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများဖြစ်ကြသော ကြေးမုံသတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင်-၄ (စက်)ဦးသက်ဝင်း၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ ပုံနှိပ်ကျွမ်းကျင်-၄ (စက်)ဦးတေဇာဖြိုးလှိုင်၊ ကိုယ်ပွားသတင်းစာတိုက် (မကွေး)မှ ပုံနှိပ်ကျွမ်းကျင်-၄ (စက်) ဦးအောင်ဘိုဘို၊ ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)မှ ပုံနှိပ်ကျွမ်းကျင်-၄ (စာစီ) ဒေါ်နီနီမြင့်နှင့် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ပုံနှိပ်ကျွမ်းကျင်-၄ (စာစီ) ဦးဝင်းနိုင်ထွန်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့သတင်းစဉ်(ပြည်တွ
နေ့စဉ်ထုတ်သတင်းစာများ အချိန်မီပုံနှိပ်ထုတ
များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသ
လိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ ပုံနှိပ်ကျ
မြန်မာ့အလင်းသတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင
သတင်းစာတိုက် (ကလေး)မှ ပုံနှိပ်ကျွမ်းကျင်
သတင်းစာတိုက်(မြိတ်)မှ ပုံနှိပ်ကျွမ်းကျင်-၅ (စ
သတင်းစဉ်(နိုင်ငံခြား)မှ စာကူးစက်လှည့်အကူ
ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ထမ်းများ စည်းလုံးပျော်
များ ဖွင့်ပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်**

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကေ
လုပ်ငန်း၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်နေ့ ဂုဏ
ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်

## ကျိုက်ထီးရိုးတောင်တက်ယာဉ်

**ရန်ကုန် အောက်**

မွန်ပြည်နယ် ကျိုက်ထီးရိုး တောင်တက်
တဆမှု မရှိစေရေးနှင့် ခရီးသွားများ ဘေးအ
ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကေ
သော ကျိုက်ထီးရိုးတောင်တက် မော်တော်
ခေါင်းဆောင် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေ
ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၉
စခန်းသို့ သွားရောက်၍ တောင်တက်မော်
ခိုင်မှုပိုင်းဆိုင်ရာများကို တစ်စီးချင်းစစ်ဆေးပြ
ဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေး

**✻ ကျောဖုံးမှ**

သုတေသနဂျာနယ်တွင် ဖော်ပြထားသည်။

လေရဟတ်များသည် ရွှေ့ပြောင်းကျက်စားလေ့ရှိသော အင်းဆက်ပိုးမွှားများကို ဆွဲဆောင်နိုင်သည်။

ဥရောပမြောက်ပိုင်းတွင် ဇူလိုင်လနှင့် အောက်တိုဘာလ အစောပိုင်းကာလအတွင်း လေရဟတ်ဒလက်များနှင့် ရိုက်မိကာ လင်းနို့များနှင့် ငှက်များ သေဆုံးရလေ့ရှိသည်။

လေရဟတ်တာဘိုင်များ၏ အရောင်သာမက တာဘိုင်များက ထုတ်လွှတ်သော အပူငွေ့သည်လည်း အင်းဆက်ပိုးမွှားများကို ဆွဲဆောင်နိုင်သည်ဟု သုတေသီများက ပြောကြားသည်။

လင်းနို့များသည် ပဲ့တင်သံပေါ်မှ အာရုံခံနိုင်စွမ်းရှိသော်လည်း ယင်းသတ္တဝါများအနေဖြင့် လေရဟတ်တာဘိုင်များ ထောက်လှမ်းသိရှိရန် ခဲယဉ်းဖွယ်ရှိသည်ဟု သုတေသီများက ယူဆကြသည်။ ***အင်တာနက်။***



# မောင်တောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၅

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် မောင်တော-အလယ်သံကျော်-အငူမော် ကားလမ်း လမ်း၊ တံတား ကြံ့ခိုင်မှုအခြေအနေနှင့် မိုးစပါးစိုက်ခင်းများအား မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့နယ် နယ်မြေခံတပ်ဖွဲ့များအတွင်း တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ အမှာစကားပြောကြားကာ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။**

ဆက်လက်၍ တပ်ဖွဲ့ဝင် စစ်သည်၊ မိသားစုများ၏ နေအိမ်အဆောက်အအုံအခြေအနေများနှင့် စားပင်၊ သီးနှံပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ စစ်သည်အိပ်ဆောင်၊ စားရိပ်သာများ၊ မိုးစပါးစိုက်ခင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တိုင်းမှူးသည် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထက(၄) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ (၁၀)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၆ ရက် (စနေနေ့) ညနေ ၆ နာရီတွင်လည်းကောင်း၊ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင်လည်းကောင်း အဆိုပါကျောင်းရှိ ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပါရန်နှင့် ညစာစားပွဲလက်မှတ် ဝယ်လိုသူများနှင့် အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၇၃၀၃၀၀၀၅၊ ဦးအောင်ကျော်ဟန် ဖုန်း-၃၇၉၅၉၁၊ ဦးဟန်ငွေး ဖုန်း-၅၅၀၅၃၂၊ ဦးသက်မင်း ဖုန်း-၂၄၂၀၅၇၊ ဦးအေးမင်း ဖုန်း-၀၉-၅၁၁၉၁၁၀၊ ဦးအောင်တင် ဖုန်း-၃၉၉၀၄၉၊ ဦးမျိုးအောင် ဖုန်း-၀၉-၅၄၀၆၃၃၂၊ ဦးသစ်လွင်(သချာ) ဖုန်း-၀၉-၅၂၆၁၆၈၀ နှင့် ဦးလှမြင့် ဖုန်း-၂၄၀၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

# အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်



ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့၏ အဓိက သောက်သုံးရေ ပေးဝေလျက်ရှိသော ရေဂါလန် ၁၁ သန်းဆံ့ မင်္ဂလာရေကန်တွင် သန့်ရှင်းသော သောက်သုံးရေ စုဆောင်းထားရှိမှုအခြေအနေကို တာဝန်ရှိသူတို့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထန်းကုန်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကာကွယ်တားဆီးရေးအတွက် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)



ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဟာကမ္ဘောဇ ပြည်ငြိမ်းအေးစေတီ လမ်းဘေးဝဲ၊ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ကွန်ကရစ်ရေနုတ်မြောင်း ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



စက်တင်ဘာ ၁၈ရက်က ပုဏ္ဏားကျွန်းမြို့နယ် အောင်ဖြူပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦး၊ မြို့နယ်ပညာရေးမှူးဒေါ်လှမေစောနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစံယဉ်မောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ပညာရေး)

# လက်တွေ့အသုံးချ လက်လီအရောင်းသင်တန်း ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၅**

WISE International School for Executives မှ Customer Service & Retail Selling Skills အမည်ရှိ လက်လီရောင်းချခြင်း (Retailing) ဆိုင်ရာ သင်တန်းကို အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် လက်တွေ့အသုံးချ လက်လီရောင်းချခြင်းဆိုင်ရာ အခြေခံသဘောတရားများ၊ လက်လီရောင်းချ အခြေခံစီမံခန့်ခွဲမှုနည်းစနစ်များ၊ ဈေးဝယ်သူများအတွက် ဝန်ဆောင်မှုသည် အလွန်အရေးကြီးမှုကို သိရှိနားလည်နိုင်ခြင်း၊ အလွန်အရေးပါသော ဝန်ဆောင်မှုပုံစံများ သိရှိနိုင်ခြင်း၊ ဈေးဝယ်သူများ၏ အမျိုးမျိုးသော ဝယ်ယူမှုပုံစံများအား လေ့လာနိုင်ခြင်း၊ ဝန်ဆောင်မှုအတွက် နည်းစနစ်ဆိုင်ရာနှင့် ပုံစံများအား စစ်ဆေးမှုဆိုင်ရာများ သိရှိနိုင်ခြင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ပေးမှု နည်းစနစ်များ စသည့် လက်လီလုပ်ငန်းကြီးတစ်ခုလုံး စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုကိစ္စကို လုပ်ငန်းခွင်တွင် ကျွမ်းကျင်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် နည်းလမ်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဤသင်တန်းသို့ မြန်မာနိုင်ငံရှိ ခေတ်မီ Super Market ကြီးများ၊ Hyper Market ကြီးများ၊ Super Center ကြီးများ၊ Convenience Store များ၊ စတိုးဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ မီနီစတိုးဆိုင်များ ဖွင့်လှစ်ရန် ရည်ရွယ်ချက်ရှိသူများနှင့် လက်ရှိ တာဝန်ထမ်းဆောင်လုပ်ကိုင်လျက်ရှိသော အုပ်ချုပ်မှုအဆင့်များနှင့် အခြေခံဝန်ထမ်းများ၊ အဝယ်တော်များ (Purchaser)နှင့် Customer Service & Retail Selling Skill ကို အခြေခံမှစ၍ စိတ်ပါဝင်စားစွာ လေ့လာလိုသောသူများ တက်ရောက်သင့်ကြောင်း သိရှိရသည်။

Workgroup Presentation များ လုပ်ခြင်း၊ Strategic Game များ ကစားခြင်း၊ Group Discussion များ စသည့် သင်တန်းသား အခြေပြု သင်ကြားမှုပုံစံများကို အသုံးပြု၍ Retail Management နယ်ပယ်တွင် (၁၀)နှစ်ကျော် လုပ်သက်အတွေ့အကြုံနှင့် နိုင်ငံတကာ အတွေ့အကြုံရှိ ဝါရင့်၊ သမ္မာရင့် ဆရာကြီး၊ ဆရာမကြီးများက သင်ကြားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ကာ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် အသေးစိတ် အချက်အလက်များကို WISE International School for Executives အခန်းအမှတ် (၁၀၀၉) ၁၀လွှာ ယုဇနတာဝါ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



အောက်တိုဘာ ၂ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဆတ်ကလေးကျေးရွာနှင့် ထန်းတပင်-ရန်ကုန် ကားလမ်း ၂ မိုင် ၅ ဖာလုံ ရှည်သော မြေသားလမ်းဟောင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုး၏ စီစဉ်မှုဖြင့် ဆည်မြောင်းဦးစီးဌာနမှ ပံ့ပိုး၍ ထပ်မံဖောက်လုပ်ခဲ့ကြရာ လမ်းပြီးစီးမှုအခြေအနေအား မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်ပြန်/ဆက်)




# မုန်တိုင်းငယ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျား

**နေပြည်တော် အောက်တိုဘာ ၁၅**

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ချောင်းဦးမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ တံတားဦးမြို့တွင် ၃ ဒသမ ၀၅ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မင်းတပ်မြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ညောင်းဦးမြို့နှင့် ပျော်ဘွယ်မြို့တို့တွင် ၁ ဒသမ ၅၃ လက်မစီ၊ မုံရွာမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် မင်းကင်းမြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေ ဂိုပါလ်ပူမြို့ (Gopalpur) အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၁၆ရက် ညနေထိ ခန့်မှန်းချက်။** ။ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

**အောက်တိုဘာလ တတိယ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်။**

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**အောက်တိုဘာ ၁၃ရက်က ကနေဒါနိုင်ငံနေ ဦးဟိုက်ထန် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

**ပြည်သူ့ဆန္ဒသဘောထား**

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

**တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး အင်တာနက်သတင်း** ဘာသာပြန် - ရောမောင်



ဗြိတိန်နိုင်ငံ ဘက်ရှိုင်းယား ဒေသ၌ လေရဟတ် တာဘိုင်စက်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## စွမ်းအင်ထုတ်ယူသည့် လေရဟတ်များ အင်းဆက်ပိုးမွှားများကို ဆွဲဆောင်

**လန်ဒန် အောက်တိုဘာ ၁၅**

စွမ်းအင်ထုတ်ယူသည့် လေရဟတ်များသည် အင်းဆက်ပိုးမွှားများကို ဆွဲဆောင်နိုင်ကြောင်း၊ ယင်းအင်းဆက်ပိုးမွှားများကို ဘာသာဘာဝ ဖမ်းယူသတ်ဖြတ်စားသုံးသောငှက်များနှင့် လင်းနို့များမှာ လေရဟတ်၏ ပန်ကာဒလက်ဖြင့် ရိုက်မိကာ သေဆုံးရလေ့ရှိကြောင်း၊ သို့ဖြစ်၍ လေရဟတ်များအား အင်းဆက်ပိုးမွှားများကို ဆွဲဆောင်နိုင်ခြင်းမရှိသည့်အရောင် သုတ်လိမ်းရန် လိုအပ်မည်ဖြစ်ကြောင်း ဗြိတိသျှသုတေသီများ၏ လေ့လာချက်တွင် ဖော်ပြသည်။

လေရဟတ်များကို အများအားဖြင့် အဖြူ သို့မဟုတ် မီးခိုးရောင် သုတ်လိမ်းလေ့ရှိကြသည်။ အဖြူ သို့မဟုတ် မီးခိုးရောင်သည် အင်းဆက်ပိုးမွှားများကို ဆွဲဆောင်နိုင်သည်။ အင်းဆက်ပိုးမွှားများ ရှိနေသည့်နေရာသို့ ငှက်များနှင့် လင်းနို့များ၊ ရောက်ရှိလာတတ်ပြီး ယင်းသတ္တဝါများကို အစာအဖြစ် ဖမ်းဆီးစားသောက်လေ့ရှိသည်။

အင်းဆက်ပိုးမွှား ပေါက်ဖွားမှုအားကောင်းသော နွေရာသီကာလမျိုးတွင် လေရဟတ်တာဘိုင်များအနီး ငှက်များနှင့် လင်းနို့များ သေဆုံးမှုကို တွေ့ရလေ့ရှိသည်။

ဗြိတိန်နိုင်ငံရှိ လတ်ဘားရတ်တက္ကသိုလ်မှ သုတေသနအဖွဲ့သည် အင်းဆက်ပိုးမွှားများအား လေရဟတ် တာဘိုင်စက်များက ဆွဲဆောင်နိုင်မှုကို လေ့လာခဲ့သည်။ သုတေသီများ၏ လေ့လာတွေ့ရှိချက်ကို ဥရောပတောရိုင်း တိရစ္ဆာန်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက် မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဂိုပါလ်ပူမြို့ (Gopalpur) အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ကချင်ပြည်နယ် အင်ဂျန်းယန် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

**နေပြည်တော် အောက်တိုဘာ ၁၅**

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကချင်ပြည်နယ် အင်ဂျန်းယန်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား (၅၀)ဝပ် လှိုင်းနံပါတ် (J -13) ဖြင့် အောက်တိုဘာ ၅ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)